# ၅၄–၅၆ တက္ကသိုလ်ရိပ်သာလမ်း
# ဗဟန်းမြို့နယ်၊ ရန်ကုန်

၂၀၁၁ခုနှစ်၊ဩဂုတ်လ၊ ၁၁ရက်

## ဧရာဝတီအတွက် ပန်ကြားချက်

"မဟာမြစ်ကြီး" ဟုအမိပွယ်ရသော ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏အဓိက ရေကြောင်းလမ်းမကြီး ဖြစ်သည်။ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်တွင်း မေခနှင့်မလိခမြစ်နှစ်စင်းဆုံရာမှ စတင်လျက် တောင်ဘက်သို့ တငြိမ့်ငြိမ့်လားကာ မြေဩဇာကောင်းသော မြစ်ဝကျွန်းပေါ်ဒေသသို့ရောက်သောအခါ မြစ်ငယ်များအဖြစ် ခွဲဖြာဖြန့်ဝေလျှက် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ စီးဆင်းဝင်ရောက်သည်။ ဤမြစ်ကြီးသည် ကျွန်ုပ်တို့နိုင်ငံ၏ပထဝီတွင် အရေးပါဆုံးသော ကြီးကျယ်လှသည့် သဘာဝလမ်းမကြီးဖြစ်သည်။ သတ္တနှင့်ရုက္ခဗီဝမျိုးကွဲများစွာ၏ နေထိုင်ရာလည်းဖြစ်၊ ကြွယ်ဝသော ရိက္ခာရင်းမြစ်တစ်ခုဖြစ်ပြီး ရိုးရာလူနေမှုဘဝများကို ထောက်ပံ့နေခဲ့ပါသည်။ ဧရာဝတီမြစ်ကြီးသည် မြန်မာစာပေသမိုင်းမှ ကဗျာနှင့်စကားပြေအများ၏ အာရုံဝင်စားရာလည်း ဖြစ်ခဲ့ပါသည်။

ယနေ့တွင် ထိုဧရာဝတီမြစ်ကြီးသည် အန္တရာယ်နှင့်ရင်ဆိုင်နေရပါပြီ။ စံနစ်ကျသော စီမံကိန်းများကင်းမဲ့မှု၊ ထိန်းသိမ်းမှုဆိုင်ရာဥပဒေများကို လိုက်နာရန်ပျက်ကွက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာနှင့်ဗဟုသုတအားနည်းခြင်းတို့သည် ပြဿနာပေါင်းစုံကို ဖြစ်ပေါ်စေခဲ့ပါသည်။ အတားအဆီးမရှိ တရားမဝင်သစ်ခုတ်လှဲမှုနှင့်မီးသွေးဖုတ်မှုများကြောင့် မြစ်ကမ်းဝဲယာရှိ သစ်တောများသည် အလျင်အမြန်ပြုန်းတီးပျောက်ကွယ်နေပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် ကုန်းပေါ်တွင်ရေတိုက်စားမှု ပိုမိုဆိုးရွားလာပြီး၊ နုံးဖို့မှုအရှိန်မြင့်လာကာ မြစ်ကြမ်းပြင်မြင့်တက်ခြင်းနှင့် သောင်ထွန်းခြင်းတို့ ပိုမိုဆိုးရွားလာခဲ့ပါသည်။ တံတားများတည်ဆောက်ရန် နေရာရွေးချယ်ခြင်းနှင့် ပုံစံထုတ်ခြင်းတို့တွင် ရေတိုက်စားခြင်းနှင့် သောင်ထွန်းခြင်းပြဿနာများကို ဦးစားမပေးခဲ့သဖြင့် ထိုပြဿနာများ ပိုမိုကြီးထွားလာရသည်။ နွေရာသီတွင် ရေကြောင်းသွားလာရေးခက်ခဲခြင်းနှင့် သောက်သုံးရေရပ်ရန် ခဲယဉ်းခြင်းတို့ ကြုံတွေ့နေရသည်မှာ ဆယ်စုနှစ်များပင်ရှိခဲ့ပါပြီ။ အချိန်မီထိရောက်သော အရေးယူဆောင်ရွက်မှုများ မရှိပါက ဧရာဝတီမြစ်ကြီးအပေါ်တွင် သက်ရောက်လာမည့် ဆိုးကျိုးများကိုတွက်ချက်ရာတွင်ရာသီဥတုပြောင်းလဲခြင်းကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

မြစ်ရေညစ်ညမ်းခြင်းသည် မကြာမီကမှ ကြုံတွေ့ရသော ပြဿနာဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း မြစ်ဝှမ်းဒေသတွင်း စက်ရုံ၊အလုပ်ရုံများ တိုးပွားလာခြင်းနှင့် ရွှေရှာခြင်းများကြောင့် ဧရာဝတီလင်းပိုင်အပါအဝင် ရှားပါးသော ငါးမျိုးများ၏ရှင်သန်မှုကို ခြိမ်းခြောက်နေပါသည်။ သောက်သုံးရေနှင့် အစားအစာအတွက် မြစ်ကြီးပေါ်တွင် မှီခိုနေရသူများအတွက်လည်း လုံခြုံမှုမရှိတော့ပါ။

ရေအားလျှပ်စစ်စက်ရုံများနှင့် ဆည်များတည်ဆောက်ခြင်းကြောင့် တည်ငြိမ်သောရေစီးကြောင်းနှင့် ပြန်ပြည့်မြဲလျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်ခြင်းစသည့် အကျိုးအမြတ်များရှိပါသည်။ သို့သော် ထိုသို့သော စီမံကိန်းများ၏ ဆိုးကျိုးများလည်း ရှိပါသည်။ မြစ်ကြောင်းများ ပြတ်တောက်ခြင်းနှင့် ရေတိုက်စားမှုနှုန်း ပိုမိုမြင့်မားခြင်း၊ ရေစီးအားနည်းသွားခြင်း၊ မြစ်ရေ ပိုမိုကြည်လင်လာသော်လည်း အန္တရာယ်ရှိသော

ဓါတ်ပစ္စည်းများ ဆည်တွင်းတွင် ပိုမိုစုစည်းမိကာ ဆည်လွှတ်ရေတွင် ပါလာနိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်။ ဆည်တည်ဆောက်ရေးကာလတွင် စွန့်ပစ်ပစ္စည်းအများအပြားထွက်ပေါ်လာကာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်းနှင့် မြစ်ကိုညစ်ညမ်းခြင်းဖြစ်စေနိုင်ပါသည်။

ပိုမိုအရေးကြီးသောပြဿနာမှာ ဧရာဝတီမြစ်၏ ရေစီးအားနည်းသွားသောကြောင့်မြစ်ဝကျွန်းပေါ် ဒေသတွင် ဆားငံရေဝင်ရောက်မှုပိုမို ဆန်တက်ကျယ်ပြန့်လာခြင်းပင် ဖြစ်ပါသည်။ ထိုပြဿနာကြောင့် ဆန်စပါးထုတ်လုပ်မှုကို နစ်နာစေပြီး ဆန်ကိုအဓိကထားစားသုံးနေရသော ပြည်သူတရပ်လုံးကို ထိခိုက်လာပါသည်။ ထို့အပြင် ဆန်သည်အဓိကပို့ကုန်တရပ်ဖြစ်နေသောကြောင့် ဆန်ထုတ်လုပ်မှုလျော့ကျခြင်းကြောင့် နိုင်ငံခြားဝင်ငွေကျဆင်းနိုင်သည်။

**ဆည် (၈)ခုစီမံကိန်း**

၂၀၁၀ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သည့် နောက်ဆုံးပေါ် ဆည်တည်ဆောက်ရေး လုပ်ငန်းသည် တရုတ်မြန်မာပူးတွဲဆောင်ရွက်သည့် "ဆည်ရှစ်ဆည်"စီမံကိန်း သို့မဟုတ် "မြစ်ဆုံ" စီမံကိန်း၏နိဒါန်းပင်ဖြစ်ပါသည်။အထက်ပါအပိုဒ်တွင် တင်ပြခဲ့သောဆည်များကြုံတွေ့နေကျ ပြဿနာများ အပြင် အခြားသောပြဿနာများပါ ဤစီမံကိန်းတွင် ပေါ်ပေါက်နေပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာတွေ့ရှိမှုအစီရင်ခံစာက အထူးသဖြင့် လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ စိုးရိမ်ဘွယ်ရာများကို တင်ပြခဲ့ပါသည်။ ဆည်များ၏ပတ်ဝန်းကျင်တွင် တည်ရှိနေသော ဘူမိပြတ်ရွေ့များ ကြောင့်လည်းကောင်း၊ ကြီးမားလှသောဆည်၏ပမာဏကြောင့်လည်းကောင်း ပြင်းထန်သောလျှင်သာ လှုပ်ခဲ့ပါက ဆိုးရွားလှသော ဘေးအန္တရာယ်များဖြင့် ကြုံတွေ့ဘွယ်ရှိနေပါသည်။ တချိန်တည်းမှာပင် ရွာ(၆၃)ရွာမှ လူပေါင်း (၁၂၀၀၀)ခန့် ကိုလည်း ရွှေ့ပြောင်းနေရာချထားရန် လိုအပ်ပါမည်။ ၎င်းတို့၏ ရိုးရာဘဝနှင့် အသက်မွေးဝမ်းကြောင်း ဆုံးရှုံးမှုကိုကာမိနိုင်သော လျော်ကြေးများ ရမည်မရမည်လည်း မသေချာသေးပါ။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အိမ်နီးချင်းကောင်းပီသစွာဖြင့် နှစ်ဦးနှစ်ဘက် လေးစားချစ်ကြည်ရေးကို အခြေခံသော ဝေ့လေထုံးတမ်းကို တည်ထောင်ထားခဲ့ပြီး ဖြစ်ပါသည်။ နှစ်ဘက်အစိုးရများသည် နှစ်နိုင်ငံ၏ အကျိုးကို မျှော်မြင်လျက် အသက်အိုးအိမ်များကို အန္တရာယ်ပြုနိုင်မည့် နောက်ဆက်တွဲပြဿနာများကို ရှောင်ရှားလိုကြမည်ဟု ကျွန်ုပ်တို့အလေးအနက် ယုံကြည်ပါသည်။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း အစပျိုးစဉ်ကပင် မြန်မာအစိုးရအဆက်ဆက်သည် မိမိတို့၏အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရန် ပျက်ကွက်ခဲ့သည်ဟူသော ကချင်အမျိုးသားတို့၏ ခံယူချက်များ ပိုမိုနက်ရှိုင်း လာခဲ့ပါသည်။ ဤစီမံကိန်းကို စတင်အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအမြောက်အမြား စိုက်ထုတ်သုံးစွဲပြီး ဖြစ်သည်ကိုကျွန်ုပ်တို့ သတိပြုမိပါသော်လည်း အမျိုးသားရေးနှင့်နိုင်ငံတကာ သဟဇာတဖြစ်ရေးကို ရှေ့ရှုလျက် သက်ဆိုင်သူအားလုံးတို့က ဤမြစ်ဆုံစီမံချက်အား ပြန်လည်သုံးသပ်ကာ မလိုလားအပ်သောအကျိုးဆက်များကိုရှောင်ရှားလျက်ဧရာဝတီမြစ်ကို ကာကွယ်လိုသူအားလုံး၏စိုးရိမ်စိတ် များ ပြေပျောက်နိုင်မည့် အဖြေတစ်ရပ်ကို ပူးပေါင်းရှာဖွေကြပါရန် တိုက်တွန်းပါသည်။

**ဧရာဝတီကိုကယ်တင်ကြပါစို့**

ဧရာဝတီ၏ဂေဟစနစ်ကို ပြောင်းလဲစေပါက ထိုမြစ်ကြီးနှင့်ဆက်စပ်နေသော မြန်မာနိုင်ငံ မြောက်စွန်းနေ တိုင်းရင်းသားလူမျိုးစုများမှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဆန်စပါးစိုက်ပျိုး နေကြသောသူများအထိ လူ့အဖွဲ့အစည်းများတွင်ပါဝင်သူများအားလုံးကို ထိခိုက်မည်ဖြစ်ပါသည်။ ဧရာဝတီမြစ်ကို ထိန်းသိမ်းခြင်းသည် ကျွန်ုပ်တို့ နိုင်ငံ၏စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း သာမက၊ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို စောင့်ရှောက်ခြင်းလည်း မည်ပါသည်။ အရေးကြီးဆုံးအကျိုးဆက်မှာ ထိန်းသိမ်းခြင်းလုပ်ငန်းတွင် စည်းလုံးညီညွတ်စွာဆောင်ရွက်ပါက ပိုမိုနားလည်မှုနှင့် လက်တွေ့ကျသောပူးပေါင်းမှုတို့ကိုပါ ရရှိစေနိုင်ပါသည်။ လူပုဂ္ဂိုလ် နှင့်အဖွဲ့အစည်း အများအပြားကပင် ဧရာဝတီနှင့်ပတ်သက်၍ တန်ဖိုးရှိသော သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့်၊ မြစ်ကြီးကိုထိန်းသိမ်းရန် လက်တွေ့ကျသော အကြံဉာဏ်များနှင့် သတင်းအချက်အလက် အများအပြားရှိနေသည်မှာသေချာပါသည်။ ယခုရှိပြီးသားဖြစ်သော သစ်တောနှင့် မြစ်ကြောင်းများ ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေများကို လိုက်နာယုံဖြင့်ပင် တိုးတက်မှု အများအပြား ရရှိနိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ထိန်းသိမ်းသူများ၊ ငြိမ်းချမ်းရေးတရားနှင့် သဟဇာတဖြစ်ခြင်းကို ချစ်မြတ်နိုးသူများအားလုံးတို့အား အာရှတိုက်၏အရေးပါဆုံး မြစ်တခုဖြစ်သည့် ဧရာဝတီကို ခြိမ်းခြောက်နေသည့် အန္တရာယ်များအား ကမ္ဘာတဝှမ်းမှ သိရှိ နားလည်ကြနေစေရန် ကျွန်ုပ်တို့နှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် ပန်ကြားအပ်ပါသည်။ ဧရာဝတီမြစ်နှင့် ဆက်စပ်၍ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ အတတ်ပညာဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာပြဿနာအလုံးစုံကို ကျွန်ုပ်တို့အားလုံးပူးပေါင်းခြင်းဖြင့်အောင်မြင်စွာဖြေရှင်းနိုင်ကြပါမည်။



အောင်ဆန်းစုကြည်

**54 – 56 University Avenue**
**Bahan Township**
**Rangoon**

**August 11, 2011**

# Irrawaddy Appeal

Irrawaddy, 'the great river,' is the main waterway of Burma. It starts in the Kachin State in the north as the confluence of the Maykha and Malikha rivers and follows a steady course to the south where it disperses into a network of streams and rivulets that feed the fertile delta before finally flowing into the Indian Ocean. It is the most significant geographical feature of our country, the grand natural highway, a prolific source of food, the home of varied water flora and fauna, the supporter of traditional modes of life, the muse that has inspired countless works of prose and poetry.

Today, the Irrawaddy is under threat. Lack of sound planning, the failure to enforce necessary conservation laws, and a poor ecological awareness have created diverse problems. The plains forests on the banks of the river are in danger of disappearing as illegal logging and charcoal production proceed at an alarming pace. Deforestation has meant erosion that in turn has led to a rise in the level of the riverbed and an increased formation of sandbanks. The building of bridges without sufficient attention to the appropriateness of location and design has aggravated the problems of erosion and sandbank formation. For some decades now, navigation and the procurement of potable water have become increasingly difficult during the hot season. Climate change is an additional factor to be taken into account in assessing the damage that has been inflicted and continues to be inflicted on the Irrawaddy due to lack of timely and effective action.

A relatively new problem is pollution. The proliferation of factories and the unregulated panning for gold over the last decade have introduced waste matter that constitutes a threat to rare species of fish, including the famous Irrawaddy dolphin, and to the health of people who rely on the river for water and food.

The construction of dams and hydro-electric power stations bring such benefits as the regulation of waterways and the availability of renewable electric energy. However there is a downside to such projects. The river course is fragmented and the strength of flow is weakened; decrease in sedimentation aggravates the erosion problem; although the water becomes clearer, there is a greater concentration of impure elements; during the course of the construction work much industrial refuse is generated, adding to the despoliation of the environment and pollution of the river.

A particularly serious problem resulting from the weakened flow of the waters of the Irrawaddy is the intrusion of salt water into the delta. This is detrimental to paddy production and thus affects the whole population of the country for whom rice is the staple food. Moreover rice is one of our major export items and any decrease in its production could affect foreign exchange earnings.

*The Eight Dams Project*

The latest dam construction, begun in 2010, is the prologue of the 'Eight Dams', or Myit Sone Hydro Electric Project, a joint Burmese-Chinese venture. This project has raised issues additional to the problems of dam construction outlined in the previous paragraph. An environmental impact assessment report has generated intense concern, in particular with regard to the safety aspect. The presence of fault lines in the vicinity of the dams and the sheer immensity of the reservoir raises the spectre of horrendous devastation in the event of an earthquake. Meanwhile 12,000 people from sixty three villages have been relocated. It is not yet clear whether they will receive compensation commensurate with the loss of livelihoods and the disruption to a traditional way of life.

As good neighbours, Burma and China have an established tradition of mutual regard and friendship. We believe that, keeping in mind the interests of both countries, both governments would wish to avoid consequences which might endanger lives and homes. Since the commencement of the Myit Sone project, the perception, long held by the Kachin people, that successive Burmese governments have neglected their interests has deepened. While recognizing that large sums of money have already been spent on the realization of the project, we would urge that in the interests of both national and international harmony, concerned parties should reassess the scheme and cooperate to find solutions that would prevent undesirable consequences and thus allay the fears of all who are anxious to protect the Irrawaddy.

*Save the Irrawaddy*

Ecological changes to the Irrawaddy would impact all those whose lives are linked to the great river, from the ethnic peoples in the northernmost state of our country to the rice growing communities of the delta. To conserve the Irrawaddy is to protect our economy and our environment as well as to safeguard our cultural heritage. Most important of all, uniting in conservation efforts would carry dividends in the way of better understanding and practical cooperation. Many individuals and organizations have done valuable research on the Irrawaddy and there will surely be no lack of information and practical suggestions that could serve as a basis for a conservation scheme. Much can be achieved simply by the strict application of already existing laws and regulations pertaining to the conservation of forests and rivers. We therefore appeal to environmental experts, to conservationists and to lovers of nature, peace and harmony everywhere to join us in a campaign to create a worldwide awareness of the dangers threatening one of the most important rivers of Asia. Together we can find solutions to problems, ecological, economic, technical, and political, related to the Irrawaddy.

Aung San Suu Kyi